AUSCO

သြစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# အဆက်အသွယ် ဆက်လက်ထားရှိခြင်း



သင့်လူမှုအသိုင်းအဝိုင်းနှင့် အဆက်အစပ် ဆက်လက်ထားရှိခြင်းသည် သင် သြစတြေးလျား၌ အခြေကျရေးကို အထောက်အကူပြုသည်



ပင်လယ်ရပ်ခြားနေ မိတ်ဆွေများ၊ မိသားစုတို့နှင့် ဆက်စပ်နေမှုရှိသည့်စိတ် ရှိခြင်းသည်လည်း အရေးကြီးသည်။

## လူမှုအသိုင်းအဝိုင်း နှင့် လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ



သြစတြေးလျား၌ အခြေချပြောင်းရွှေ့လာကြသူများအား အထောက်အပံ့ပေးနိုင်သော ဝန်ဆောင်မှုများရှိပါသည်။



သင်သည် အောက်ပါတို့အပါအဝင်၊ လူမှုရေး နှင့် လူမှုအသိုင်းအဝန်း အစုအဖွဲ့များ၌ အသင်းဝင်ခြင်းအားဖြင့် သင့်ဒေသ၌ရှိသောလူများနှင့် အဆက်အစပ်ထားနိုင်သည်။

- လူမှုအသိုင်းအဝန်း အဖွဲ့အစည်းများ




- အားအစားအသင်းများ



- လူမှုရေး အစုအဖွဲ့များ တို့ဖြစ်သည်



သင် အတွေ့အကြုံအသစ်များ ရရှိနိုင်သည်




သင် ကြိုက်နှစ်သက်ပြီးသားဖြစ်သော ဝါသနာများ နှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို ဆက်လက်လိုက်စားနိုင်သည်။

# စာကြည့်တိုက်များ



အများပြည်သူ စာကြည့်တိုက်များ၌ ဘာသာစကားပေါင်းစုံဖြင့် ဖတ်ရှုနိုင်စရာများရှိပါသည်။




သင်သည်



- စာကြည့်တိုက်တွင် ထိုင်ဖတ်နိုင်သည်
- ငှားရမ်း၍ အိမ်သို့ယူသွားနိုင်သည်

စာကြည့်တိုက်အများစု၌ အောက်ပါတို့လည်းရှိသည်






- သင်အသုံးပြုနိုင်သော ကွန်ပျူတာများ
- အခမဲ့ အသုံးပြုနိုင်သော အင်တာနက် တို့ဖြစ်သည်

# ရုပ်မြင်သံကြား နှင့် ရေဒီယို




အထူး ရုပ်သံလွှင့် ဝန်ဆောင်မှုဌာန (Special Broadcasting Service - SBS) သည် ဘာသာစကား အမြောက်အမြားဖြင့် သတင်းများကို လွှင့်ပေးပါသည်။




သင် SBS ကို ရုပ်မြင်သံကြားအရ ကြည့်နိုင်သည်။



သင် SBS ကို ရေဒီယိုအရ နားဆင်နိုင်သည်။

# ဖုန်းများ



သင်အောက်ပါတို့နှင့် ဖုန်းဆက်နိုင်သည်

- မြေသွယ်ကြိုးလိုင်း
- မိုဘိုင်းဖုန်း တို့ဖြစ်သည်

## မြေသွယ်ကြိုးလိုင်းများ



မြေသွယ်ကြိုးလိုင်းသည် သင့်အိမ်၌ ချိတ်ဆက်ပေးထားသော ဖုန်းဖြစ်သည်။



သင့်အတွက် မြေသွယ်ကြိုးလိုင်းကို ချိတ်ဆက်ပေးနိုင်သော ကုမ္ပဏီအမြောက်အမြားရှိသည်။





သင် ဆက်သွယ်ကြေး ပေးရနိုင်ဖွယ်ရှိမည်။




ယင်းဖုန်းကိုအသုံးပြုပြီး ဖုန်းဆက်ခြင်းများအတွက် သင့်ထံသို့ ကျသင့်ငွေတောင်းခံလွှာများကို လစဉ်ပို့ပေးလိမ့်မည်ဖြစ်သည်။

## မိုဘိုင်းဖုန်းများ



မိုဘိုင်းဖုန်းများရှိခြင်းအားဖြင့် အကျိုးရှိလှသော်လည်း ၎င်းတို့အား အသုံးပြုရာတွင် အလွန်စျေးကြီးနိုင်ပါသည်။





သင့်မိုဘိုင်းဖုန်းအား စီစဉ်ရယူနိုင်ပုံတို့မှာ

- ကြိုတင်ငွေပေးသွင်းရသည့်စနစ်
- ပုံမှန်ငွေပေးရသည့်စနစ် တို့ဖြစ်သည်



သင့် ကုန်ကျစရိတ်များကို ကန့်သတ်ထားလိုလျှင်၊ ကြိုတင်ပေးစနစ်က ကောင်းမွန်သည်။ သင်တတ်နိုင်သည်ထက် ပိုပြီးသုံးမိလိမ့်မည်မဟုတ်ပါ။



သင်ဖုန်းကိုအသုံးမပြုမီ သင်ကြိုတင်ပေးရသည်။

၎င်းကို သွင်းထားငွေဟုခေါ်သည်။




အကယ်၍သင်သည် ထိုသွင်းထားငွေ အားလုံးကို သုံးပစ်လိုက်လျှင်၊ သင်နောက်ထပ်ငွေ မသွင်းသမျှကာလပတ်လုံး ဖုန်းကို အသုံးမပြု နိုင်တော့ပါ။




ပုံမှန်ပေးစနစ်အရဆိုလျှင် သင်သည် သဘောတူစာချုပ်ချုပ်ဆိုရမည်။




သတ်မှတ်ထားသော ငွေပမာဏတစ်ခုကို
လစဉ်ပေးရလိမ့်မည်။



ကြိုတင်သတ်မှတ်ထားသော ဖုန်းဆက်ခေါ်သည့်
အရေအတွက်အထိ သင် ဖုန်းဆက်နိုင်သည်၊



အကယ်၍သင်သည် စနစ်က ခွင့်ပြုထားသော
ဖုန်းဆက်ခေါ်သည့် အရေအတွက်ထက်ပိုပြီး ဖုန်းဆက်ခဲ့ပါက
သင် နောက်ထပ်ငွေအပို ပေးဆောင်ရပါလိမ့်မည်။




ဒေသခံ အရပ်အတွင်း ဖုန်းခေါ်ခမှာ သိပ်မများပါ။




အောက်ပါနေရာများသို့ ဖုန်းခေါ်လျှင်
ငွေအလွန်ကုန်ကျနိုင်သည်

- ဩစတြေးလျားနိုင်ငံအတွင်း သို့သော်
ဝေးလံသည့်နေရာ နှင့်
- ပင်လယ်ရပ်ခြား တို့ဖြစ်သည်



ပင်လယ်ရပ်ခြားသို့ ဈေးချိုစွာ ဖုန်းဆက်ရန် အသုံးပြုနိုင်သော ဖုန်းကတ်ပြားများကို သင်ဝယ်ယူနိုင်သည်။

## စာပို့စနစ်



သင်သည် စာများ နှင့် အထုပ်များကို အောက်ပါနေရာများသို့ လိပ်စာတပ်၍ ပို့နိုင်သည်။

- ဩစတြေးလျား
- ပင်လယ်ရပ်ခြားနေရာ အများစု တို့ဖြစ်သည်




သင်သည် စာတိုက်၌ စာပို့တံဆိပ်ခေါင်းများကို ဝယ်ယူနိုင်သည်။




ပင်လယ်ရပ်ခြားသို့ တစ်စုံတစ်ရာပို့လျှင် ငွေပိုကုန်ကျသည်။

# အင်တာနက်




အင်တာနက်သည် အခြားသူများနှင့် အချိတ်အဆက်များ ထားရှိနိုင်ရန် အကျိုးရှိရာ နည်းလမ်းတစ်ခုဖြစ်သည်။


အိမ်၌ အင်တာနက်ကို အသုံးပြုရန် သင်လိုအပ်သည်တို့မှာ၊



- ကွန်ပျူတာ နှင့်



- အင်တာနက် အချိတ်အဆက် တို့ဖြစ်သည်





သင်သည် အင်တာနက် ဝန်ဆောင်မှု ပေးသူ (Internet Service Provider - ISP) မှတဆင့် အင်တာနက်နှင့် ချိတ်ဆက်ရယူနိုင်မည်။





ISP ပေါင်းအမြောက်အမြားရှိသည်။ မည်သူအား ရွေးချယ်ရန်မဆုံးဖြတ်မီ၊ ISP အချို့အား စုံစမ်းသင့်သည်များမှာ၊

- ISP
- ငွေပေးခ စနစ် တို့ဖြစ်သည်




ISP တို့၌ ရွေးချယ်စရာ ခြားနားသော စနစ်များရှိသည်။

ယင်းစနစ်များအရ လစဉ် သင်အသုံးပြုသော အချက်အလက်များအတွက် ငွေပေးရသည်။



သင်သည် ခေတ်မီ ဖုန်းများ နှင့် လက်ကိုင် ကွန်ပျူတာ အသေးစားများဖြင့်လည်း အင်တာနက်ကို ရယူအသုံးပြုနိုင်ပါသည်၊



ခေတ်မီ ဖုန်းများ နှင့် လက်ကိုင် ကွန်ပျူတာ အသေးစားများမှာ တို့ထိနိုင်သော ဖန်မျက်နှာပြင်များရှိသည့် ကွန်ပျူတာ အသေးစားများဖြစ်သည်။

$$$

ငင်းတို့အား အသုံးပြုရန် လွယ်ကူသော်လည်း
စျေးအတန်ငယ် ကြီးမားနိုင်သည်။



အောက်ပါအခြေအနေများတွင် သင်သည် သင့်ဒေသခံ
စာကြည့်တိုက်ရှိ ကွန်ပျူတာကိုအသုံးပြုနိုင်သည်။

- သင့်ထံ၌ ကွန်ပျူတာမရှိခြင်း
- အင်တာနက်နှင့် အချိတ်အဆက် မရှိခြင်းတို့ဖြစ်သည်



အကယ်၍သင်သည် ကွန်ပျူတာကို ဘယ်တုံးကမျှ
မသုံးခဲ့ဖူးလျှင် သို့မဟုတ် အသုံးပြုရန် စိတ်မရဲလျှင်
စာကြည့်တိုက်ဝန်ထမ်းတစ်ဦးဦးက သင့်အား
ကူညီပေးနိုင်ဖွယ်ရှိမည်။

ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM